EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၅၀ | မတ် ၆ ရက်၊ ၂၀၁၈

## အဆိုပြုဝန်ကြီးလောင်းနှစ်ဦးအမည်စာရင်း ဝန်ကြီးချုပ်ကိုယ်တိုင် ပြန်လည်ရုပ်သိမ်း

**ဖေဖော်ဝါရီ ၂၇၊ ၂၀၁၈**

ဖေဖော်ဝါရီ ၂၆ ရက်က ပြုလုပ်သည့် မကွေးတိုင်းလွှတ်တော် အရေးပေါ်အစည်းအဝေး၌ ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညို က ၎င်းအဆိုပြုခဲ့သည့် ဝန်ကြီးလောင်းနှစ်ဦးကိုပြန်လည်ရုပ်သိမ်းကြောင်း ပေးပို့သည့်စာကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

"မကွေးတိုင်းဝန်ကြီးချုပ်အနေနဲ့ ပြည်သူများ၏အသံနှင့်ဆန္ဒများကို နာခံသောအားဖြင့် အမည်စာရင်းတင်သွင်းထားမှုကို ပြန်လည်ရုပ်သိမ်းသွားသည့်အတွက် မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ကြေညာပါတယ်"ဟု လွှတ်တော်ဥက္ကဋ္ဌဦးတာက ဖတ်ကြားခဲ့သည်။




**တတိယအကြိမ် မကွေးတိုင်းလွှတ်တော် အရေးပေါ်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ဥက္ကဋ္ဌကို တွေ့ရစဉ်။ (ဓာတ်ပုံ-မိုးကျော်)**

တိုင်းဝန်ကြီးချုပ်၏ ဆုံးဖြတ်ချက်ဖြင့် ယခုကဲ့သို့ အမည်စာရင်း ပြန်လည်ရုပ်သိမ်းမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောကြားလိုခြင်းမရှိသော်လည်း မိမိတို့အနေဖြင့် လွှတ်တော်တွင် ပြန်လည်ဆွေးနွေးခွင့်မရရှိခဲ့ခြင်းအပေါ် စိတ်မကောင်းဖြစ်မိကြောင်း အမည် စာရင်းရုပ်သိမ်းခံခဲ့ရသည့် ဝန်ကြီးလောင်းများက ပြောသည်။

လစ်လပ်လျက်ရှိသော ဝန်ကြီးရာထူးနှစ်နေရာအတွက် ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းခဲ့သည့်အပေါ် မကွေးတိုင်းမှ ပြည်သူအချို့နှင့် ဒီချုပ်လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးက ကန့်ကွက်ခဲ့ကြသည်။

(ကိုးကား- www.7daydaily.com)

## ပဲခူးတိုင်း ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့ရုပ်ဆိုင်းမှု လွှတ်တော်နှင့်တိုင်းအစိုးရ သဘောထားကွဲလွဲ

**ဖေဖော်ဝါရီ ၂၅၊ ၂၀၁၈**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ပေးအပ်မှုဖြင့် ဖွဲ့စည်းပေးခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေးရေးအဖွဲ့(BRCCA) ကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၁ ရက်နေ့က တိုင်းဒေသကြီးလွှတ်တော်၌ ဆန္ဒမဲပေးအဆုံးအဖြတ်ခံယူ၍ ရုပ်ဆိုင်းလိုက်ခြင်းသည် တရားမဝင်ကြောင်း ယင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဆန်းမြင့်က ပြောကြားသည်။

"စဖွဲ့ကတည်းက တိုင်းအစိုးရအဖွဲ့အကြံပေးဥပဒေပညာရှင်တွေ၊ တိုင်းဒေသကြီး ဥပဒေချုပ်တွေလည်း ပါဝင်ဆွေးနွေးပြီး အတည်ပြုခဲ့တာပါ။ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆီတင်ပြပြီးမှ တာဝန်ပေးထားတာဖြစ်လို့ တိုင်းလွှတ်တော်ကရုပ်ဆိုင်းခွင့် မရှိဘူး။ ဒီအဖွဲ့ကို အစိုးရအဖွဲ့ကသာ ရုပ်ဆိုင်းဖို့ အတည်ပြုရင်တော့ အဖွဲ့အနေနဲ့ နားရုံသာရှိပါတော့တယ်"ဟု ၎င်းက ပြောဆိုသည်။

တိုင်းနှင့်ပြည်နယ်များတွင် တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေးရေးအဖွဲ့များဖွဲ့ရန် ၂၀၁၇ ခုနှစ်အတွင်း ပြည်သူ့လွှတ်တော်တွင် အဆိုအောင်ခဲ့သော်လည်း လတ်တလော အခြေခံဥပဒေနှင့် မကိုက်ညီသည့်အတွက် ယင်းအဖွဲ့များ ဖွဲ့စည်းရေးနှင့်ပတ်သက်သည့် နည်းဥပဒေနှင့်ဥပဒေများ ထွက်ရှိပြီးချိန်အထိ ရုပ်ဆိုင်းရန် အဆိုတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ထန်းတပင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက ပြောကြားသည်။

ယင်းအဆိုကို ပဲခူးတိုင်းလွှတ်တော် န၀မပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့ပြီး ထောက်ခံမဲအများစုဖြင့် ဖျက်သိမ်းခံခဲ့ရသည်။ BRCCA ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလက အဖွဲ့ဝင် ၁၇ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး အဆိုပါအဖွဲ့မှ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများကို စစ်ဆေးဆောင်ရွက်ခဲ့သည်။

(ကိုးကား-http://thevoicemyanmar.com)

## သတင်းဓာတ်ပုံ



ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ပြည်နယ်လွှတ်တော် အဆောက်အအုံသစ်ကို မတ်လ ၃ ရက်နေ့ နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့စဉ်။

(ကိုးကား- Development Media Group)

## သတင်းတို

● မြောက်ဦးဖြစ်စဉ်နှင့် ပတ်သက်၍ ရခိုင်ပြည်နယ်လွှတ်တော်က ဖွဲ့စည်းထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို စုံစမ်းလေ့လာရေးအဖွဲ့ဟု မတ်လ ၆ ရက်တွင် ကျင်းပမည့် ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးတွင် အတည်ပြုပြောင်းလဲမည်ဟု သိရသည်။ လွှတ်တော်၏ အခန်းကဏ္ဍမှာ စစ်ဆေးရေးလုပ်ရမည့် တာဝန်မရှိကြောင်း၊ စုံစမ်းလေ့လာရေးလုပ်ရမည်ဟုသာ သတ်မှတ်ထားသည့်အတွက် အမည်ပြောင်းလဲရခြင်းဖြစ်ကြောင်း၊ အမည်ပြောင်းသော်လည်း လုပ်ဆောင်ရမည်မှာ မူလအတိုင်းသာဖြစ်ကြောင်း ယင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောသည်။

(ကိုးကား-http://thevoicemyanmar.com)

● ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသည် ဖေဖော်ဝါရီ ၂၆ ၂၇၊၂၈ ရက်နေ့များတွင် စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်များအတွင်းရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် အသီးသီးတွေ့ဆုံကာ စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေး ဥပဒေ(မူကြမ်း)နှင့်ပတ်သက်ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့သည်။

ကိုးကား- Sagaing Region Hluttaw Facebook

# 'လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေ' အတွက် အချိန်ယူရဦးမည်ဟု UEC ဖြေ

**ဖေဖော်ဝါရီ ၂၇၊ ၂၀၁၈**

"လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေ" ပြဋ္ဌာန်းနိုင်ရေးမှာ ပိုမိုပြည့်စုံကောင်းမွန်စေရန် အချိန်ယူရဦးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပသည့် အမျိုးသားလွှတ်တော်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) က ဖြေကြားခဲ့သည်။ အဆိုပါဥပဒေ ပြဋ္ဌာန်းပေးရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်က လွှတ်တော်တွင် မေးခွန်းမေးမြန်းခဲ့သည်။

ပြည်သူများအနေဖြင့် မိမိတို့ရွေးချယ်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များသည် အရည်အချင်းမပြည့်ဝခြင်း၊ အကျင့်စာရိတ္တပျက်ယွင်းခြင်း၊ ဥပဒေတစ်ရပ်ရပ် ဖောက်ဖျက်ခြင်းရှိလာပါက ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုကြသည်ဟု ဦးစိုင်းသန်းနိုင်က လွှတ်တော်တွင် ပြောသည်။

UEC အဖွဲ့ဝင် ဦးအောင်မြင့်က "အဲဒီဥပဒေမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အနှောင့်အယှက်လေးတွေရှိတယ်ဆိုပြီး လွှတ်တော်မှာ အခြေအတင်ဆွေးနွေးပြီးမှ ဆိုင်းငံ့လိုက်ရတယ် ပထမအကြိမ်။ အဲဒီတော့ အခုတစ်ခါ ထပ်တင်တော့ကော အခု ဒီအခြေအနေတွေကို ကျော်လွှားသွားပြီလား"ဟု လွှတ်တော်အပြီးတွင် မေးခွန်းထုတ်သွားခဲ့သည်။

ယင်းဥပဒေပြဋ္ဌာန်းပေးရန် ပြည်ခိုင်ဖြိုးပါတီ၏ကြိုးပမ်းမှုသည် NLD ဦးဆောင်သည့် လွှတ်တော်သက်တမ်းအတွင်း ဒုတိယအကြိမ်မြောက်ဖြစ်သည်။ ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလအတွင်းကလည်း အလားတူမေးခွန်းကို ပြည်ခိုင်ဖြိုးကိုယ်စားလှယ် ဦးသောင်းအေးက ပြည်သူ့လွှတ်တော်တွင် မေးခွန်းထုတ်ခဲ့ဖူးသည်။

အခြေခံဥပဒေပုဒ်မ ၃၉၆(ခ)တွင် "သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသောလွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်"ဟု ပြဋ္ဌာန်းထားသည်။ ယင်း ၁ ရာခိုင်နှုန်းကိစ္စမှာလည်း ပြဿနာရှိကြောင်း NLD ပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က ပြောသည်။

(ကိုးကား- မဇ္ဈိမ၊ ဧရာဝတီ)

# အမျိုးသမီးသုံးဦးအား စစ်ကိုင်းလွှတ်တော် ဂုဏ်ပြုမည်

**မတ် ၄၊ ၂၀၁၈**

မတ်လ ၈ ရက်တွင်ကျရောက်သော အပြည်ပြည် ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသမီးသုံးဦးအား စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကဂုဏ်ပြုမည်ဟု သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကကြီးမှူးပြီး WCDI (Woman Can Do It) မေ့စွမ်းရည်အဖွဲ့တို့ ပံ့ပိုးကူညီမှုဖြင့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကို "အမျိုးသမီးကဏ္ဍမြင့်မားရေး အားလုံးဝိုင်း ဝန်းအားပေး"ခေါင်းစဉ်ဖြင့် မတ် လ ၉ ရက်၌ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် Banquet Hall တွင် ကျင်းပမည်ဖြစ်သည်။

ဟုမ္မလင်းမြို့နယ်မှ ဒေါ်သိန်းရီသည် ဟုမ္မလင်းမြို့နယ်အ တွင်း မီးလောင်မှုဖြစ်စဉ်တစ်ခုကို အမျိုးသမီးများကို သက်စွန့်ကယ်ဆယ်မှုများ ဆောင်ရွက်ခဲ့ခြင်း၊ ဝန်းသိုမြို့နယ်မှ သူနာပြုဆရာမကြီးဒေါ်လှလှမြင့်သည် ဝန်းသိုမြို့၌ ရေကြီးနစ်မြုပ်မှုဖြစ်စဉ်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအား အုန်းပင်ပေါ်၌ မီးဖွားပေးခြင်း၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် နာဂတိုင်းရင်းသူမာရီကိုးလ်သည် နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ဂုဏ်ပြုခြင်းဖြစ်ကြောင်း လွှတ်တော်ရုံး ဦးစီးအရာရှိ ဦးထက်ဦးမောင်က ပြောသည်။

(ကိုးကား- http://www.7daydaily.com)

# စည်ပင်ဥပဒေကြမ်း ပြင်ဆင်ဖြည့်စွက်ရန်အချိန်လိုကြောင်း အမတ်အချို့ပြောကြား

မတ် ၅၊ ၂၀၁၈



စည်ပင်ရွေးကောက်ပွဲပြုလုပ်စဉ်က မဲပေးနေကြစဉ်။ (ဓာတ်ပုံ-ကျော်ဇင်သန်း-7day daily)

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို ပြင်ဆင်ဖြည့်စွက်ရမည့် အချက်များစွာပါဝင်နေ၍ လေ့လာညှိနှိုင်းမှု ပြုလုပ်ရမည့်အချိန် အလုံအလောက်ရရှိရန် လိုသည်ဟု ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အချို့က ဆိုသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို မြို့တော်ဝန်ဦးမောင်မောင်စိုးက ဖေဖော်ဝါရီ ၂ ရက်တွင် လွှတ်တော်သို့ တင်သွင်းခဲ့သည်။ အဆိုပါ ဥပဒေကြမ်းတွင် ပုဒ်မပေါင်း ၄၀၀ နီးပါးပါဝင်ပြီး ရန်ကုန်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အရေးပါ၍ လေ့လာချိန်ပိုမိုရရှိရန် လိုအပ်သည်ဟု ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးသော်တာအောင်က ပြောသည်။

ယင်းဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခဲ့သည့်အချိန် တစ်လကျော်တွင် လွှတ်တော်၏အဆုံးအဖြတ် ရယူမည်ဆိုပါက အားနည်းချက်များစွာပါသော ဥပဒေသာ ထွက်ရှိလာနိုင်သည်ဟု တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာကဆိုသည်။

သို့သော် လက်ရှိတွင် ဥပဒေကြမ်းပါ အချက်များကို ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်များ စတင်စုစည်းနေပြီဖြစ်သဖြင့် မကြာမီ လွှတ်တော်သို့တင်ပြ၍ ဆွေးနွေးအတည်ပြုချက်ရယူမည့်အဆင့်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်အချို့က ဆိုသည်။

ယင်းဥပဒေကြမ်းတွင် နည်းဥပဒေများ ရောထွေးထည့်သွင်းထားခြင်း၊ အချက်အလက်များ ဖောင်းပွနေခြင်း၊ ပြည်ထောင်စုဥပဒေကို ကျော်လွန်နေသည့်အချက်များ ပါဝင်နေခြင်း စသည်တို့ကို လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် အရပ်ဘက်အဖွဲ့အစည်းအချို့က ထောက်ပြထားသည်။

**(ကိုးကား- www.7daydaily.com)**

## စီမံကိန်းအချို့ကို တိုင်းလွှတ်တော်တင်ရန် လို၊ မလို ခုံရုံးတင်မည့်ကိစ္စ ဆိုင်းငံ့

မတ် ၂၊ ၂၀၁၈

တနင်္သာရီတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်မည့် စီမံကိန်းအချို့ကို တိုင်းလွှတ်တော်သို့တင်ရန် လို/မလိုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသို့ တင်သွင်းမေးမြန်းမည့်ကိစ္စအား ဆိုင်းငံ့ကာ အခြေအနေစောင့်ကြည့်နေကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောသည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမည့်စီမံကိန်းများကို လွှတ်တော်သို့တင်ရန် မလိုအပ်ကြောင်း တိုင်းစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းကပြောဆိုခဲ့ရာ တိုင်းလွှတ်တော်ဥက္ကဋ္ဌက ယင်းကိစ္စအား ဥပဒေခုံရုံးသို့ တင်သွင်းမေးမြန်းမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး လက်ရှိတွင် ဆိုင်းငံ့ထားခြင်းဖြစ်သည်။

"ခုံရုံးတင်မယ့်ကိစ္စက ကိုယ့်ပါတီထဲက အချင်းချင်းဖြစ်နေတဲ့အခါကျတော့ အခုမတင်သေးဘူး။ (NLD)ပါတီက ကိုယ့်ပါတီအချင်းအချင်းပဲ အစိုးရဖြစ်နေတယ်။ ကိုယ့်ပါတီကပဲ လွှတ်တော်ဖြစ်နေတဲ့အခါမှာ လွှတ်တော်က သတိပေးထားတာလောက်ပဲ"ဟု ဦးခင်မောင်အေးက ပြောသည်။

"တဖြည်းဖြည်းနဲ့ သဘောပေါက်သွားလိမ့်မယ်လို့ အချိန်တစ်ခုပေးထားတာ။ ဒါပေမယ့် ဒါကို မှန်တယ်လို့ ကိုင်စွဲထားရင်တော့ ခုံရုံးရဲ့ဆုံးဖြတ်ချက်ကို ယူရမလိုဖြစ်နေတယ်။ တင်းခံနေမယ်ဆိုရင်တော့ လုပ်ရလိမ့်မယ်။ ဒါကို လက်ခံလိုက်မယ်ဆိုရင် နောက်နောင် ဒီမိုကရေစီလမ်းကြောင်း လွဲသွားလိမ့်မယ်"ဟု တိုင်းလွှတ်တော်ဥက္ကဋ္ဌဦးခင်မောင်အေးက ပြောသည်။

**(ကိုးကား-တနင်္သာရီအပတ်စဉ်)**

### သတင်းတို

- တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မေးရမည့် မေးခွန်းများကို ပြည်ထောင်စု လွှတ်တော်၌ မေးမြန်းဖြေကြားမှုကို လေ့လာဆန်းစစ်ထားသည့် အစီရင်ခံစာတစ်စောင် မတ်လအတွင်း ထုတ်ပြန်မည်ဖြစ်ကြောင်း ပွင့်လင်းမြန်မာ့ရှေ့ဆောင်(OMI) အမှုဆောင်ဒါရိုက်တာ ဦးအေးကျော်က ပြောသည်။ ယင်းအစီရင်ခံစာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်တွင်သာ မေး မြန်းရမည့်မေးခွန်းများကို ပြည်ထောင်စုလွှတ်တော်အဆင့်၌ မေးမြန်းသည်ကို သက်ဆိုင်ရာအစိုးရအဖွဲ့က မည်သို့ဖြေကြားသည်ကို လေ့လာဆန်းစစ်ထားကြောင်း ၎င်းကပြောသည်။

**(ကိုးကား- www.7daydaily.com)**